# "ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့-ပွင့်ဖြူ"

ကြေငြာချက်အမှတ် ၆/ ၂၀၂၁

၁၃ နိုဝင်ဘာလ ၂၀၂၁

## "အသိပေးကြေငြာချက်"

၁။ ကျွန်ုပ်တို့ နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို ဖက်ဆစ်စစ်တပ်က လက်နက်အားကိုးဖြင့် လုယူသိမ်းပိုက်ခြင်းခံရ၍ ပြည်သူလူထုတစ်ရပ်လုံး ကိုယ်ရောစိတ်ပါ ထိခိုက်ဖိနှိပ်ခံနေရချိန်တွင် ဝိသမလောဘသားအချို့က ဦးဆောင်၍ လောင်းကစားဝိုင်းများကို ပွင့်ဖြူမြို့နယ်အတွင်း၌ အကြီးအကျယ် ပြုလုပ်လျက်ရှိသည်ဟု ကျွန်ုပ်တို့က သတင်းအတိအကျရရှိထားပါကြောင်း ပြည်သူလူထုကြီးထံ တင်ပြအပ်ပါသည်။

၂။ အဆိုပါ လောင်းကစားဝိုင်းများကို ဦးဆောင်စီစဉ်နေသူများနှင့် ပါဝင်ကျူးလွန်နေသူများက ဖက်ဆစ်စစ်တပ်နှင့် ၎င်းတို့၏နောက်လိုက်ခွေးများကို ငွေကြေး အမြောက်အများ ဆက်ကြေးပေး၍ စစ်အာဏာရှင်နှင့် စစ်အာဏာရှင်စနစ်ကို သက်ဆိုးရှည်စေရန် ထောက်ပံ့မှုများ ပြုလုပ်လျက်ရှိကြောင်းနှင့် အဆိုပါ လောင်းကစားဝိုင်းများကို မည်သည့်နေရာများတွင် မည်သူများက ဦးဆောင် စီစဉ်နေကြောင်းကို လည်း ကျွန်ုပ်တို့က အတိအကျ သိရှိထားပြီး ဖြစ်ပါသည်။

၃။ ထိုကဲ့သို့ ဖက်ဆစ်စစ်တပ်နှင့် ၎င်းတို့၏နောက်လိုက်ခွေးများကို ထောက်ပံ့နေသည့် လောင်းကစားဝိုင်းများကို စီစဉ်သူများ၊ ပါဝင်သူများအနေဖြင့်လည်း ဆက်လက်၍ စီစဉ် ဆောင်ရွက်ခြင်းများ မပြုလုပ်ရန် ကျွန်ုပ်တို့က ပြင်းပြင်းထန်ထန်သတိပေး တားမြစ်လိုက်သည်။

၄။ ပြည်သူများ အနေဖြင့်လည်း အဆိုပါ လောင်းကစားဝိုင်းများကို သွားရောက်ပါဝင်ခြင်း၊ လောင်းကစားဝိုင်း စီစဉ်သူ စစ်ခွေးနောက်လိုက်များနှင့် ဆက်ဆံခြင်းများ မပြုလုပ်ကြပါရန် ကျွန်ုပ်တို့က အနူးအညွတ် မေတ္တာရပ်ခံအပ်ပါသည်။

၅။ အကယ်၍ နောက်နောင်တွင် အဆိုပါ လောင်းကစားဝိုင်းများကို ထပ်မံ၍ စီစဉ်ဆောင်ရွက်မှုများ ရှိလာမည်ဆိုပါက လောင်းကစားဝိုင်းများကို စီစဉ်သူ၊ ပါဝင်သူများ၏ အသက်ရှင်နေထိုင်နိုင်ရေးသည် ၎င်းတို့၏ စစ်ခွေးနောက်လိုက်အဖြစ် ဆောင်ရွက်ခြင်း၏ အကျိုးဆက်သာ ဖြစ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

စတီဖင် နန္ဒမိတ်

People's Defence Force ( Pwintbyu )


To contact – pdfpwintbyu.official@gmail.com

Facebook - https://www.facebook.com/pdfpwintbyu

Telegram – https://t.me/pdfpwintbyu